ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပဉ္စမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်)**

**(ကြာသပတေးနေ့)**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၀:၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စတင်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေစုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၉၆)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါ့မယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၃-၇-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးသိမ်းဆွေ၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဘတ်ဂျက်ညှိနှိုင်း အစည်းအဝေးတက်ရောက်ရန်။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်ဆွေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးစိုးသိဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်မေသန်းနွဲ့၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က  သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန် ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်း မေးမြန်းခြင်းနှင့်

ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျောက်တော်မြို့နယ်အတွင်း ဂုပ္ပိထောင့်ကျေးရွာမှ လက်ခုတ်ပင်ရင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားများဖြစ်သော ဂေါရောမဏီကျေးရွာနှင့် ဇင်းခါးချေကျေးရွာကြားရှိ သရီနံချောင်းကူးတံတားနှင့် ဇင်းခါးချေကျေးရွာနှင့် အုတ်ကြွပ်ကျေးရွာကြားရှိ ပေါက်လေချောင်းကူးတံတား (၂)စင်းတို့ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျောက်တော်မြို့နယ်အတွင်း ဂုပ္ပိထောင့်ကျေးရွာမှ လက်ခုတ်ပင်ရင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ အရေးကြီးတဲ့ တံတား(၂)စင်းဖြစ်သော ဂေါရောမဏီနှင့် ဇင်းခါးချေကျေးရွာကြားရှိ သရီနံချောင်းကူးတံတားနှင့် ဇင်းခါးချေကျေးရွာနှင့် အုတ်ကြွပ်ကျေးရွာကြားမှာရှိတဲ့ ပေါက်လေချောင်းကူးတံတား (၂)စင်းတို့ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ဟာ ကျေးရွာပေါင်း (၂၈၃)ရွာ၊ လူဦးရေပေါင်း (၂၄၀၀၀၀)ကျော်ခန့်ရှိတဲ့မြို့နယ် ဖြစ်ပါတယ်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် များစွာလိုအပ်လျက်ရှိနေပါသေးတယ်။ ယခုအကောင်အထည်ဖော်ဖောက်လုပ်လျက်ရှိတဲ့ သရက်တပင်ကျေးရွာမှ

ဂုပ္ပိထောင့်ကျေးရွာအထိ (၁၃)မိုင်နှင့် ဂုပ္ပိထောင့်ကျေးရွာမှ လက်ခုတ်ပင်ရင်းကျေးရွာပေါ်အထိ (၇)မိုင် ခန့်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူပြီး အကောင်အထည်ဖော် ဆောင်ရွက် ဖောက်လုပ်နေတဲ့လမ်း ဖြစ်ပါတယ်။ ဂုပ္ပိထောင့်ကျေးရွာမှ လက်ခုတ်ပင်ရင်းကျေးရွာအထိ (၇)မိုင်ခန့်ရှိ လမ်းအပိုင်းမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း(၄)မိုင်၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း (၂)မိုင် ကျန်အပိုင်းကိုတော့ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်ထူကိုယ်ထဖောက်လုပ်မှုကြောင့် ယခု အချိန်မှာ မြေသားလမ်းအဖြစ် နွေရာသီနှင့် ဆောင်းရာသီတို့တွင် သွားလာရေး အဆင်ပြေမှုရှိကြ ကြောင်းသိရှိရပါတယ်။ သို့ရာတွင် ဂေါရောမဏီကျေးရွာနှင့် ဇင်းခါးချေကျေးရွာကြားမှာရှိတဲ့ သရီနံ ချောင်းနှင့် ဇင်းခါးချေကျေးရွာနှင့် အုတ်ကြွပ်ကျေးရွာကြားမှာရှိတဲ့ ပေါက်လေချောင်းတို့မှာ ပေ(၅၀) အထက်ကျယ်တဲ့ ချောင်းများဖြစ်ခြင်းကြောင့် သွားလာမှု ခက်ခဲလျက်ရှိနေပါတယ်။

အဆိုပါ ပေါက်လေချောင်းနှင့် သရီနံချောင်းကူးတံတားများဟာ ကွန်ကရစ်တံတားများ အဖြစ် ဆောက်လုပ်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ လက်ခုတ်ပင်ရင်း ကျေးရွာနှင့် ဂေါရောမဏီကျေးရွာရှိ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများဟာ ဇင်းခါးချေ ကျေးရွာသို့ သွားရောက်ကျောင်းတက်နေရသဖြင့် သရီနံချောင်းအား ၂၀၁၇ ခုနှစ်မှာ ဝါးတံတား အဖြစ် ကိုယ်ထူကိုယ်ထ ဆောက်လုပ်အသုံးပြုခဲ့ပြီး ၂၀၁၉ ခုနှစ်မှာတော့ ကျွန်တော် ဒီမေးခွန်း မေးမြန်းစဉ်က တင်ပြတဲ့ ဓာတ်ပုံမှာပါတဲ့အတိုင်းပဲ သစ်သားတံတားကို ယာယီဆောက်လုပ်ပြီး အသုံးပြုလျက်ရှိနေကြပါတယ်။ အဆိုပါ သရီနံချောင်းမှာ ဖြတ်သန်းသွားလာရတာ လုံးဝအဆင်ပြေမှု မရှိဘဲ ယာယီတံတားများကို ကိုယ်ထူကိုယ်ထ ဆောက်လုပ်ကြခြင်း ဖြစ်ပါတယ်။ သရီနံချောင်း ကတော့ ကျွန်တော်တို့ ရေကျတဲ့အချိန်မှာ ရေများ လုံးဝ ခန်းခြောက်ကုန်ပြီး စက်လှေများလည်း သွားလို့ အဆင်မပြေတော့ပါ။ သွားလာရေး အလွန်ခက်ခဲတဲ့ အရပ်ဒေသဖြစ်ပါတယ်။

အဆိုပါ တံတားမရှိပါက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကအစ အစစအရာရာ လုံးဝ အဆင်ပြေမှုမရှိဘဲ လမ်းပိတ်နေသောကျေးရွာများဖြစ်ပါတယ်။ အဆိုပါ တံတား(၂)စင်းကို ဆောင်ရွက် ပေးလိုက်ပါက ကျေးရွာ (၅)ရွာမှ လူဦးရေ (၆၀၀၀)ကျော်ခန့်ကို အဆင်ပြေစေမှာဖြစ်ပြီး အဆိုပါ ဒေသမှ ဒေသခံပြည်သူများ စိတ်ချမ်းသာစွာ နေထိုင်ကြရမှာ ဖြစ်ပါတယ်။ အဆိုပါ တံတား (၂)စင်းမှာ ပေ(၅၀)အထက် ဆောင်ရွက်ရမယ့်တံတားဖြစ်ခြင်းကြောင့် လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်နိုင်ပါက တည်ဆောက်ပေးပြီး နည်းပညာအရ တည်ဆောက်မှု မဆောင်ရွက်နိုင်ပါကလည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနကို လွှဲပြောင်းပေးပြီး ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာနှင့် အုန်းသီးဝကျေးရွာ ဆိုင်ကယ်လမ်းအား တာချဲ့ခြင်းနှင့် အသစ်ဖောက်လုပ်ရန် ကျန်ရှိနေသေးသော လမ်းပိုင်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၃။**

**ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေ့တင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်သော ပလက်ဝမြို့နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်တွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသတစ်ခုဖြစ်ပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ အခု ကျွန်တော်မေးမြန်းသော လမ်းပိုင်းသည် ပလက်ဝမြို့နယ်အတွင်းရှိ ဝေးလံခေါင်သီသော ဒေသအသီးသီးရှိ ကျေးရွာများအတွင်း လူဦးရေအများဆုံး သွားလာမှုပြုသောလမ်းပိုင်းတစ်ခုလည်းဖြစ်ပါတယ်။ မီးဇာကျေးရွာနှင့် အုန်းသီးဝကျေးရွာလမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ခုနှစ်၊ မိမိတို့ အစိုးရသက်တမ်းကာလအတွင်း စတင်ဖောက်လုပ်ပေးသော ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းဖြစ်ပါတယ်။ အခြေအနေအရပ်ရပ်ကြောင့် ယနေ့အထိ ဖောက်လုပ်ပြီးစီးနိုင်မှု မရှိသေးပါ။ အထက်တင်ပြပါ လမ်းပိုင်းသည် မိုင်အားဖြင့် (၁၅)မိုင်ခန့်ရှိမည်ဟု ခန့်မှန်းထားပါတယ်။ ဆက်လက်၍ ဖောက်လုပ်ရန် နောက်ထပ် (၇)မိုင်ခန့်သာ ကျန်တော့တဲ့ ၎င်းလမ်းပိုင်း ဖောက်လုပ်ပြီးစီးပါက အုပ်စု (၄)အုပ်စု ကျေးရွာပေါင်း (၁၇)ရွာကို အကျိုးပြုဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

အဆိုပါ ဒေသနေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များကလည်း အထိုက်အလျောက်အဆင်ပြေစေမှာ ဖြစ်ပါတယ်။ သွားလာရေးခက်ခဲသောဒေသများတွင် ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းများ ဖောက်လုပ်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအဖွဲ့ကလည်း ကြိုးစားဆောင်ရွက်နေသည်ကို မိမိတို့အနေဖြင့် ယုံကြည်ပါတယ်။ အထူးသဖြင့် ပလက်ဝမြို့နယ်သည်

ဝေးလံခေါင်သီသောဒေသ ဖြစ်သည့်အပြင် သွားလာရေးခက်ခဲသော နယ်မြေဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲများလည်း အရောက်နည်းပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာနှင့် အုန်းသီးဝကျေးရွာ ချင်းဆက် ဆိုင်ကယ်လမ်းအား တာချဲ့ခြင်းနှင့် အသစ်ဖောက်လုပ်ရန် ကျန်ရှိနေသော လမ်းပိုင်းအား အသစ်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၅။**

**ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်တို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ရဲ့ ကျောက်တော်မြို့နယ်အတွင်း ဂုပ္ပိထောင့်ကျေးရွာမှ လက်ခုတ်ပင်ရင်းကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ တံတား များဖြစ်တဲ့ ဂေါရောမဏီကျေးရွာနှင့် ဇင်းခါးချေကျေးရွာကြားရှိ သရီနံချောင်းကူးတံတားနှင့် ဇင်းခါးချေကျေးရွာနှင့် အုတ်ကြွပ်ကျေးရွာကြားရှိ ပေါက်လေချောင်းကူးတံတား (၂)စင်းတို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားများအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျောက်တော်မြို့နယ်၊ ဂုပ္ပိထောင့်-အခစား-အုတ်ကြွပ်-ဇင်းခါးချေ-ဂေါရောမဏီ-လက်ခုတ်ပင်ရင်းလမ်းပေါ်ရှိ ဂေါရောမဏီကျေးရွာနှင့် ဇင်းခါးချေကျေးရွာကြားရှိ ကွန်ကရစ်တံတား (၁၃၀)ပေ (၁)စင်းနှင့် ဇင်းခါးချေကျေးရွာနှင့် အုတ်ကြွပ်ကျေးရွာအကြား (၇၀)ပေ အရှည်တံတား (၁)စင်းတို့ကို ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် ကျေးရွာ (၆)ရွာ၊ အိမ်ခြေ (၁၅၈၁)အိမ်နှင့် လူဦးရေ (၈၆၈၇)ဦးတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု နိုင်မည်ဖြစ်ကြောင်း ဆန်းစစ်သိရှိရပါတယ်။

ဒီကျောက်တော်မြို့နယ်၊ ဂုပ္ပိထောင့်-လက်ခုတ်ပင်ရင်း ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိ တံတား (၂)စင်းအား ၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးရန်နှင့် စပ်လျဉ်းပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ လျာထားခဲ့ပါတယ်။ လျာထားခဲ့ပေမယ့်လည်း အခြား ဦးစားပေး လုပ်ငန်းများ ရှိနေသေးပါသဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ၂၀၂၀-

၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှာ ကျွန်တော်တို့ ထည့်သွင်းလျာထားပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ရဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မီးဇာကျေးရွာနှင့် အုန်းသီးဝကျေးရွာ ဆိုင်ကယ်လမ်းအား တာချဲ့ခြင်းနှင့် အသစ်ဖောက်လုပ်ရန် ကျန်ရှိနေသေးသောလမ်းပိုင်းအား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ပလက်ဝမြို့နယ်၊ မီးဇာ-အုန်းသီးဝလမ်းအရှည် (၂၆)မိုင် ရှိသည့်အနက် ကျွန်တော်တို့ မြေသားလမ်း(၁၀)မိုင်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး(ပြည်ထောင်စု)ရန်ပုံငွေ ကျပ်(၁၈၄.၉၆၀)သန်းဖြင့် တင်ဒါအောင်မြင်တဲ့ သန်းနိုင်ကုမ္ပဏီက ဖောက်လုပ်ခဲ့ပေးပြီးဖြစ်ပါတယ်။ အဆိုပါ ပလက်ဝမြို့နယ် မီးဇာ-အုန်းသီးဝ ကျေးရွာချင်းဆက်လမ်းမှာ ကျန်ရှိနေတဲ့လမ်းအပိုင်း (၁၆)မိုင်ကို ဖောက်လုပ်ပေးရန်နှင့် ပတ်သက်ပြီး နယ်မြေဒေသလုံခြုံရေး အခြေအနေအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ထည့်သွင်းလျာထားမှု မရှိပါကြောင်းနှင့် ကျွန်တော်တို့ နယ်မြေဒေသအေးချမ်းပြီး လုပ်ငန်းဆောင်ရွက်နိုင်သည့်အချိန်မှာ သက်ဆိုင်ရာ ဒေသ တာဝန်ရှိသူများ ပူးပေါင်းကွင်းဆင်းစစ်ဆေးပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ထောက်ခံချက်နှင့်အတူ ကျွန်တော်တို့ သတ်မှတ်စီမံကိန်း အဆိုပြုလွှာပုံစံဖြင့် ရန်ပုံငွေ တင်ပြလာမယ်ဆိုလို့ရှိရင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကနေစတင်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ပြည်ထောင်စုရန်ပုံငွေမှ ကျွန်တော်တို့ အပိုင်းလိုက် ထည့်သွင်းလျာထားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မြန်မာ့ရက်စဉ် သမိုင်းစာအုပ် ဆက်လက်ထုတ်ဝေရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၈။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနှင့် မေးမြန်းလိုတဲ့ မေးခွန်းက မြန်မာ့ရက်စဉ် သမိုင်းစာအုပ် ဆက်လက်ထုတ်ဝေရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနမှ ပြုစုရေးသားတဲ့ မြန်မာ့ရက်စဉ် သမိုင်း စာအုပ်အား ဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ်အထိ ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။


လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံ အပ်ပါတယ်။ မြန်မာ့ရက်စဉ် သမိုင်းစာအုပ်များကို ၂၀၀၉ ခုနှစ်က မြန်မာ့ရက်စဉ် သမိုင်းအကြို သမိုင်းကာလမှ ၁၉၄၅ ခုနှစ်အထိ (ပထမတွဲ)အဖြစ် ထုတ်ဝေခဲ့ပါတယ်။ ၁၉၄၅ ခုနှစ်မှ ၂၀၀၈ ခုနှစ် အထိ (ဒုတိယတွဲ)အနေနှင့် ထုတ်ဝေခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ မြန်မာ့ရက်စဉ်သမိုင်း ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၁ ခုနှစ်၊ မတ်လအထိ (တတိယတွဲ၊ အပိုင်း-၁) နှင့် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၁ ခုနှစ်၊ မတ်လအထိ (တတိယတွဲ၊ အပိုင်း-၂)တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါ စာအုပ်များဟာ မြန်မာနိုင်ငံရဲ့သမိုင်းအား သမိုင်းသုတေသနဦးစီးဌာနမှ အများပြည်သူ သိရှိနိုင်စေရန် အထောက်အထားပြည့်ပြည့်စုံစုံနှင့် ရေးသားထားခြင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကာလအပိုင်းတွင် နေ့စဉ်ထုတ် သတင်းစာများ၊ စာစောင်များ၊ ဂျာနယ်များနှင့် အဖွဲ့အစည်း နိုင်ငံရေးပါတီများရဲ့ ကြေညာချက်များ စတဲ့ မှတ်တမ်းမှတ်ရာများကို ခေတ်အဆက်ဆက် စဉ်ဆက်မပြတ်စေရန် အရေးပါသောဖြစ်ရပ်များနှင့် အကြောင်းအရာများကို ထုတ်နုတ်ရေးသား ပြုစုထားခြင်းနှင့် အထူးသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ၊ ၂၀၁၀ ရွေးကောက်ပွဲမှ ပေါ်ထွက်လာတဲ့ ပြည်ထောင်စုအစိုးရ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစိုးရအဖွဲ့အစည်းများ ပြည့်စုံစွာ ပါရှိပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ပြောလိုတာက ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်လို့ ဖော်ပြထားမှုများမှာ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဖော်ပြ သကဲ့သို့ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။


သို့ဖြစ်ပါ၍ ၁၉၄၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ထုတ်ဝေခဲ့တဲ့ ဒုတိယတွဲအား ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကို ပြည့်စုံစွာရေးသား၍ ပြန်လည်ထုတ်ဝေသင့်ပါကြောင်း အကြံပြုလိုပါတယ်။ ယင်းသို့ ပါရှိတဲ့ ရက်စဉ်သမိုင်းမှာ လေ့လာသူများအတွက် မြန်မာ့သမိုင်း ဖြစ်ပေါ်တိုးတက်မှုကို ကောင်းစွာ သိရှိနိုင်သလို မှတ်တမ်းမှတ်ရာများအဖြစ် သိမ်းဆည်းထားလိုသူများ၊ အချက်အလက်

ကိုးကားရယူလိုသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် များစွာ အထောက်အကူဖြစ်စေပါတယ်။ အများပြည်သူအသုံးပြုရန် မှတ်တမ်းမှတ်ရာစာအုပ်ကောင်း ဖြစ်ပါသဖြင့် စာပေဝါသနာရှင်နဲ့ စာကြည့်တိုက်များကလည်း သိမ်းဆည်းလိုကြကြောင်း သိရှိရပါတယ်။ သို့ပါ၍ ၂၀၁၂ ခုနှစ် နောက်ပိုင်း ထုတ်ဝေမှုရပ်နားထားတဲ့ မြန်မာ့ရက်စဉ် သမိုင်းစာအုပ်အား ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် မတ်လနောက်ပိုင်းမှ စတင်၍ အတွဲလိုက် ထုတ်ဝေသင့်ပါသဖြင့် ဆက်လက်ထုတ်ဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်မှာ စတင်ထုတ်ဝေနိုင်မည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။


မြန်မာ့ရက်စဉ်သမိုင်း အကြိုသမိုင်းကာလ မှ ၁၉၄၅ ခုနှစ်အထိ (ပထမတွဲ) ပြပုံ (ည)




မြန်မာ့ရက်စဉ်သမိုင်း၁၉၄၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ(ဒုတိယတွဲ) ပြပုံ (ည-၁)



မြန်မာ့ရက်စဉ်သမိုင်း၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ မှ ၂၀၁၁ ခုနှစ်၊ မတ်လ အထိ(တတိယတွဲ၊ အပိုင်း-၁) ပြပုံ (ည-၂)




**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၂၂။**

**ဦးကြည်မင်း (ဒုတိယဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းလို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးကြည်မင်း က ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာ့ရက်စဉ်သမိုင်း အကြိုသမိုင်းကာလမှ ၁၉၄၅ ခုနှစ်အထိ (ပထမတွဲ)ကို ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်မှာလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်မှာလည်းကောင်း ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ မြန်မာ့ရက်စဉ်သမိုင်း ၁၉၄၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ (ဒုတိယတွဲ)ကို ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ ယခုအခါ (ဒုတိယတွဲ)ကို အပိုင်း (၂)ပိုင်းဖြင့် ခွဲပြီး ပြန်လည်ပုံနှိပ်သွားမှာဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအထိ ပထမပိုင်း၊ ၁၉၆၂ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကာလအထိ ဒုတိယပိုင်းဟူ၍ ခွဲခြားပိုင်းခြားပြီးတော့မှ ယခုအခါမှာ ပထမပိုင်းတွင် ပါဝင်တဲ့ ၁၉၄၅ ခုနှစ်မှ ၁၉၆၂ ခုနှစ် ကာလအထိကို ပိုမိုတိကျမှန်ကန်အောင် ဖြည့်စွက်မှုများ ပြုလုပ်နေပြီး လာမည့်ဘဏ္ဍာရေးနှစ်မှာ ပုံနှိပ်ထုတ်ဝေသွားမှာဖြစ်ပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ ၁၉၆၂ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကာလအထိကိုလည်း ဆက်လက်၍ ဖြည့်စွက်မှုများ ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ့ရက်စဉ်သမိုင်း ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၁ ခုနှစ် မတ်လအထိ (တတိယတွဲ၊ အပိုင်း-၁ နှင့် အပိုင်း-၂) ကိုတော့ ၂၀၁၂ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့ပါတယ်။ ယင်းသို့ မြန်မာ့ရက်စဉ်သမိုင်းကို ပြုစုတဲ့နည်းတူ တိုင်းရင်းသားရက်စဉ်သမိုင်းများကိုလည်း ပြုစုပုံနှိပ် ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ ယခုအခါ တိုင်းရင်းသားရက်စဉ်သမိုင်း မွန်၊ တိုင်းရင်းသားရက်စဉ်သမိုင်း ကချင်၊ တိုင်းရင်းသားရက်စဉ်သမိုင်း ရှမ်းတို့ကို ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပြီး ဆက်လက်၍လည်းပဲ တိုင်းရင်းသားရက်စဉ်သမိုင်း ကရင်၊ တိုင်းရင်းသားရက်စဉ်သမိုင်း ချင်း၊ တိုင်းရင်းသားရက်စဉ်သမိုင်း ကယား၊ တိုင်းရင်းသားရက်စဉ်သမိုင်း ရခိုင်တို့ကို ပြုစုလျက်ရှိပါတယ်။ မြန်မာ့ရက်စဉ်သမိုင်းကိုလည်း အဆက်မပြတ်စေရန် အစိုးရထုတ်သတင်းစာများမှ မြန်မာ့ရက်စဉ်သမိုင်း ၂၀၁၁ ခုနှစ်၊ ဧပြီလမှ ၂၀၁၅ ခုနှစ်၊ မတ်လအထိကို ထုတ်လုပ်ထားပြီးလည်းဖြစ်ပါတယ်။

သို့သော် ဤသို့ထုတ်နုတ်ထားသော ရက်စဉ်များမှာ အစိုးရထုတ်သတင်းစာများမှသာ ဖြစ်သဖြင့် ခေတ်စနစ်ပြောင်းလဲလာပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကြီးအဖြစ် ဖော်ဆောင်နေချိန်ဖြစ်၍ သမိုင်းချန်၊ သမိုင်းကျန် မဖြစ်ရလေအောင် ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ ကောက်နုတ်ချက်များသည် မူကြမ်းအားဖြင့် ပြီးစီးပြီဖြစ်၍ စိစစ်အတည်ပြု ပြီးစီးနိုင်မည့် ၂၀၂၁ ခုနှစ်မှာတော့ ပုံနှိပ်ထုတ်ဝေသွားနိုင်မှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာ့ရက်စဉ်သမိုင်း ၂၀၁၅ ခုနှစ်၊ ဧပြီလမှ ၂၀၂၁ ခုနှစ်၊ မတ်လအထိကိုလည်း ပြုစုလျက်ရှိပါတယ်။ ရက်စဉ်သမိုင်းများကို စာမျက်နှာပေါ်မူတည်၍ ခုနှစ်အလိုက် ဆက်လက်ထုတ်ဝေသွားရန် ဘဏ္ဍာငွေ အခြေအနေ၊ အခြားစာအုပ်ထုတ်ဝေမှုအခြေအနေများအပေါ် မူတည်ပြီးတော့မှ စဉ်ဆက်မပြတ် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်ရှိ စကုကျွန်းသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် သီးခြားတည်ရှိသော ကျွန်းတစ်ကျွန်းဖြစ်သောကြောင့် တောင်ကုတ် - မာန်အောင် ခရီးစဉ်ပြေးဆွဲနေသော အမြန်ရေယာဉ်များ စကုကျွန်းတွင် ဆိုက်ကပ်ပေးနိုင်ရေးအတွက် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စကုကျွန်းပတ်လမ်း (၈)မိုင် (၂)ဖာလုံအား ကျောက်ချောလမ်းအဖြစ် လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၆။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မေးခွန်းအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရမ်းဗြဲမြို့နယ်၊ စကုကျွန်းဟာဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေး အင်မတန်မှ ခက်ခဲပြီးတော့ သီးခြားရှိနေတဲ့ ကျွန်းတစ်ကျွန်းဖြစ်တာကြောင့် တောင်ကုတ်-မာန်အောင် ခရီးစဉ် ပြေးဆွဲနေတဲ့ အမြန်ယာဉ်များ စကုကျွန်းကနေပြီးတော့ ဆိုက်ကပ်ပေးနိုင်ရေးအတွက် ဆိပ်ခံတံတားတစ်ခုနှင့် စကုကျွန်းပတ်လမ်း (၈)မိုင် (၂)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရတို့မှ လိုအပ်တာများ ပေါင်းစပ်ပြီး လာမည့်ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ဒီစကုကျွန်းဟာဆိုလို့ရှိရင် ဘင်္ဂလားပင်လယ်အော်ထဲမှာရှိပါတယ်။ တည်နေရာကို ကြည့်မယ်ဆိုရင် အရှေ့ဘက် ရေမိုင် (၂၀)ခန့်မှာ တောင်ကုတ်မြို့ရှိပါတယ်။ အနောက်ဘက် ရေမိုင် (၁၅)မိုင်ခန့် မာန်အောင်ကျွန်းရဲ့ တောင်ဘက်မှာ ဘင်္ဂလားပင်လယ်အော်၊ မြောက်ဘက် ရေမိုင် (၂၅)မိုင်အကွာအခန့်မှာ ရမ်းဗြဲမြို့နယ် တည်ရှိပါတယ်။ ဒီ စကုကျွန်းဟာ ဆိုလို့ရှိရင် တောင်ကုတ်-မာန်အောင် ရေကြောင်းလမ်းရဲ့ ခရီးသွားလာတဲ့ ရေယာဉ်တွေ ဆိုက်ကပ်တဲ့နေရာတစ်ခုဖြစ်နေပြီး ကျွန်မတို့ ဖြတ်သန်းသွားလာတဲ့အခါမှာဆို စကုကျွန်းကိုပဲ ဖြတ်သန်းသွားလာကြတဲ့အတွက်ကြောင့် တောင်ကုတ်-မာန်အောင် ရေကြောင်းလမ်းပေါ်မှာ တည်ရှိပါတယ်။ စကုကျွန်းလူဦးရေရဲ့ အခြေအနေဖြစ်ပါတယ်။ ကျေးရွာအုပ်စု (၂)စုရှိပါတယ်။ ကျေးရွာပေါင်း(၈)ရွာ၊ အိမ်ခြေ(၈၀၀)ကျော်နဲ့ လူဦးရေ (၃၀၀၀)ကျော် နေထိုင်ကြတဲ့ ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ အစိုးရကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာ ရမ်းဗြဲမြို့ကိုသွားပြီး ဆောင်ရွက်ခဲ့ကြပြီးတော့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယာဉ်ကိစ္စကအစ တောင်ကုတ်ကို ဆက်သွယ်ရပါတယ်။ ဘာကြောင့် တောင်ကုတ်ကို ဆက်သွယ်ရလဲဆိုရင်

တောင်ကုတ်ဟာ သွားလာရ ပိုပြီးတော့လွယ်ကူတယ်။ တောင်ကုတ်ကတစ်ဆင့် သံတွဲ၊ ပြည်မ အကုန်လုံးကို ဆက်သွယ်သွားလာနေပြီးတော့ ရမ်းဗြဲမြို့ကို သွားရတာ အဆင်ပြေတဲ့အတွက်ကြောင့် အစိုးရကိစ္စမှအပ ကျန်တဲ့ကိစ္စတွေကိုလည်း တောင်ကုတ်နဲ့ ဆက်သွယ်ရပါတယ်။ စကုကျွန်းက ပြည်သူတွေဟာ ကားကို မမြင်ဖူးပါဘူး။ လှေတွေ၊ သမ္ဗာန်တွေနဲ့ပဲ ရေလမ်းခရီးကိုသာ အဓိက ထားပြီးတော့ သွားလာကြရပါတယ်။ အရေးကိစ္စကြုံလို့ အန္တရာယ်ကြုံလာတဲ့အခါမှာ သူတို့ မဖြစ်မနေ သွားလာရတဲ့အချိန်အခါတွေ ရှိပါတယ်။ အနီးစပ်ဆုံး သာဓကက ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှာ လှေတွေ နစ်မြုပ်ပြီးတော့ အမျိုးသမီး(၆)ဦး သေဆုံးခဲ့ရတဲ့အခြေအနေရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ မဲဆန္ဒနယ်က ပြည်သူတွေနဲ့ လွှတ်တော်နားတဲ့အချိန် သွားတွေ့တဲ့အခါ ဒီ တောင်ကုတ်-မာန်အောင် ပြေးဆွဲနေတဲ့နေရာမှာ ရေယာဉ်တွေ၊ လမ်းကြောင်းတွေမှာ နေပြီးတော့ အဆင်ပြေတဲ့နေရာရှိတယ်၊ မိုးလေဝသအခြေအနေ မကောင်းတဲ့အခါမှာလည်း ပင်လယ် ရေကြောင်းမှာ သွားလာနေကြတဲ့ ရေယာဉ်တွေ၊ ငါးဖမ်းစက်လှေတွေကနေပြီးတော့ သေမုတ် ဆိုတဲ့ ဆိပ်ကမ်းမှာ ဆိုက်ကပ်တဲ့အခြေအနေ ရှိနေတယ်၊ ဒါကြောင့်မို့လို့ ဒီ အလားအလာရှိတဲ့ သေမုတ် ဆိပ်ကမ်းမှနေပြီးတော့ လူတွေသွားလို့ရတဲ့ တောင်ကုတ်-မာန်အောင်ကလာတဲ့ စက်လှေတွေကို ကြည့်မယ်ဆိုရင်တော့ ဒီမှာ ဆိပ်ခံတံတားတစ်ခု မဖြစ်မနေလိုအပ်ကြောင်း တင်ပြလာကြပါတယ်။ ဒါ ဒီရေတက်တဲ့အချိန်မှာ စကုကျွန်းဘက်ကနေပြီးတော့ မဒေးကျွန်းကို သွားတဲ့အခါမျိုး၊ တောင်ကုတ်ကို သွားတဲ့အခါမျိုး အသက်အန္တရာယ်နဲ့ကြုံရတဲ့ ဒီလိုအခြေအနေမျိုးမှာ သူတို့ အသက်ကိုရင်းပြီးတော့ သွားကြရပါတယ်။ ဒါ ဒီရေကျတဲ့အခြေအနေ ဖြစ်ပါတယ်။

ဆက်ပြီးတော့ ပြပေးပါ။ ဒီ စကုကျွန်းကပြည်သူတွေဟာ သူတို့ အပြင်ကိုသွားတဲ့အခါမှာ ရေလမ်းကြောင်းကို အသုံးပြုရသလိုပဲ သူတို့ တစ်ကျွန်းလုံးပေါ်မှာ (၈)ရွာကို သွားတဲ့အခါမှာလည်း ခုထက်ထိ ကျွန်မသွားတုန်းကလည်း (၈)ရွာစလုံးကို လမ်းလျှောက်ပြီး သွားခဲ့ရတဲ့အခြေအနေ ရှိပါတယ်။ ဒါကြောင့် ပြည်နယ်ဘတ်ဂျက်နဲ့ ဆောင်ရွက်ဖို့အတွက် ခက်ခဲတယ်၊ ပြည်ထောင်စုက ပူးပေါင်းဖို့ လိုအပ်တယ်ဆိုတာ ကျွန်မ သိရှိခဲ့ရပါတယ်။ စကုကျွန်းပတ်လမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်က စခဲ့တယ်။ ဒါပေမဲ့ ဒီကျွန်းပတ်လမ်းမှာလုပ်ခဲ့တဲ့ ဘတ်ဂျက်နဲ့ မြေသားလမ်းပဲ ရှိတယ်။ မြေသားလမ်းပေါ်မှာလုပ်ခဲ့တဲ့ Box Culvert တွေကို တင်ပြလိုပါတယ်။ ဒါ Box Culvert အခြေအနေပါ။ ဒါ တကယ့် Box Culvert လား၊ ထင်းချောင်းတွေကိုချထားတာလားတော့ မသဲကွဲပါဘူး။ ဒါ ကျွန်မတို့ မြို့ပေါ်နဲ့ အဆက်အသွယ်ကင်းကွာတဲ့အခါမှာ လုပ်ခဲ့တဲ့ကန်ထရိုက်တွေဟာ ဒီအခြေအနေပေါ်မှာ ရှိနေပါတယ်။ ဒါ Box Culvert နဲ့ လမ်းအခြေအနေ ဖြစ်ပါတယ်။ Box Culvert နဲ့ လမ်းတွေ သပ်သပ်ဖြစ်နေတဲ့ ပြီးခဲ့တဲ့ ဧပြီလ၊ မတ်လက ရိုက်ထားတဲ့ဓာတ်ပုံပါ။ ဒါ နိုင်ငံတော် ဘတ်ဂျက်နဲ့ လုပ်ထားတဲ့ စကုကျွန်းက Box Culvert တွေဖြစ်ပါတယ်။ ဆိုင်ကယ်တောင်မှ အနိုင်နိုင် သွားရပါတယ်။ ဒါ လက်ရှိ ဒီနေ့မနက်ကရိုက်ထားတဲ့ မိုးရာသီအခြေအနေ Box Culvert တွေ

ဖြစ်ပါတယ်။ ကျွန်းပတ်လမ်းအခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ စကုကျွန်းဟာ ဆိုလို့ရှိရင် (၁၉)ရာစုမှ ကျန်ခဲ့တဲ့ လူသားတွေလိုပါပဲ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေတဲ့ အတွက်ကြောင့် ဒီအခြေအနေကို ပြည်ထောင်စုနဲ့ ပြည်နယ်အစိုးရ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးဖို့ အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖော်ပြပါ မေးခွန်းအား လေးစားစွာဖြင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

စကုကျွန်း၊ သေမုတ်ကျေးရွာအုပ်စု ဆိပ်ကမ်းနေရာ၏ မြင်ကွင်းပုံ (၄)



အန္တရာယ်ရှိပြီး၊ ခက်ခဲစွာ သွားလာနေရသည့် မြင်ကွင်းပုံ (၄-၁)



စကုကျွန်း၏ မိုးရာသီ ကျွန်းပတ်လမ်းအခြေအနေ မြင်ကွင်းပုံ (၄-၂)



**မြန်မာနိုင်ငံပိုင် မဟုတ်သော နိုင်ငံခြားမှတ်ပုံတင်ထားသည့်သင်္ဘောများ မြန်မာနိုင်ငံအတွင်းပိုင်း ရေလမ်းကြောင်းအတွင်းသို့ တရားမဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နေခြင်းကို နိုင်ငံတကာဆိုင်ရာ ဥပဒေများအရလည်းကောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းအရလည်းကောင်း အမြန်ဆုံး အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ယခု မြန်မာနိုင်ငံပိုင် မဟုတ်တဲ့ နိုင်ငံခြားမှတ်ပုံတင်ထားတဲ့ သင်္ဘောတွေဟာ တနင်္သာရီတိုင်းဒေသကြီး၊

မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်သာမက အထက်ပါ ကမ်းရိုးတန်းနှင့် ဆက်စပ်နေတဲ့ သံလွင်မြစ်၊ ပုသိမ်မြစ်နှင့် ကုလားတန်မြစ် စတဲ့ မြန်မာနိုင်ငံ အတွင်းပိုင်း ရေလမ်းကြောင်းကို တရားမဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင် နေခြင်းကို (၁) နိုင်ငံတကာဥပဒေများအရလည်းကောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း အရလည်းကောင်း၊ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်မည်ကို သိရှိလိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကျိုးအကြောင်းကို ရှင်းလင်းတင်ပြပါမယ်။ မြန်မာနိုင်ငံရဲ့ ကမ်းရိုးတန်း ဒေသနဲ့ ဆက်စပ်နေတဲ့ မွန်ပြည်နယ်၊ သံလွင်မြစ်နဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဝေန်မြစ်များမှ သဲများကို ထုတ်ယူပြီး တန်ချိန်(၅၀၀၀၀)ကျော်ပါတဲ့ ပင်လယ်ကူးသင်္ဘောတွေနဲ့ နိုင်ငံရပ်ခြားကို တင်ပို့ရောင်းချ နေတာဟာ လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ လုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်နေတဲ့ သဲထုတ်သင်္ဘောနဲ့ ခေါက်တို(သဲထုတ်စခန်းမှ ပင်လယ်ကူးသင်္ဘောတွေကို ကျောက်ချရပ်နားထားရာအထိ) သယ်ပို့ပေးတဲ့ သင်္ဘောတွေဟာ နိုင်ငံတော်မှ ထုတ်ပြန်ထားတဲ့ လုပ်ငန်းလိုင်စင် ဥပဒေအရ လုပ်ငန်းလိုင်စင်များ ရှိနေရမှာဖြစ်ပါတယ်။ ယခင်က သဲထုတ်ခွင့်ရရှိ ထားတဲ့ နိုင်ငံခြားကုမ္ပဏီဟာ မြန်မာနိုင်ငံအလံ လွှင့်ထူထားတဲ့ မြန်မာနိုင်ငံသားပိုင် သင်္ဘောများအား သယ်ယူခွင့်ပေးခဲ့သော်လည်း ငှားရမ်းခများ အပြည့်အဝပေးချေခဲ့ခြင်း မရှိပါလို့လည်း သိရှိခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ သင်္ဘောငှားရမ်းခ မရရှိသေးတဲ့ ပိုင်ရှင်များမှ သင်္ဘောငှားရမ်းသောကုမ္ပဏီ များအား အသိပေးထားကြောင်းကို ၂၇-၁၀-၂၀၁၉ ရက်နေ့ ထုတ်တဲ့သတင်းစာမှာလည်း တွေ့ရှိနိုင် ပါတယ်။ ယခု သဲခေါက်တိုလုပ်ငန်းအား နိုင်ငံခြားအလံလွှင့်ထားတဲ့ သင်္ဘောများ ဝင်ရောက်လုပ်ကိုင် နေကြောင်းကို တိုင်းရင်းသား သင်္ဘောပိုင်ရှင်များမှ ကမ်းရိုးတန်းသွား ရေယာဉ်ပိုင်ရှင်များအသင်းသို့ တင်ပြထားကြောင်းလည်း သိရှိရပါတယ်။ မြန်မာပိုင် ပြည်တွင်းကုမ္ပဏီများဟာ ကမ်းရိုးတန်း တစ်လျှောက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံသားသင်္ဘောသားများကိုသာ ခန့်ထားသည့်အတွက် မြန်မာများအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ နိုင်ငံတော်အတွက် အခွန်အခ များရရှိနိုင်ပါတယ်။ အထက်ဖော်ပြပါ သဲထုတ်လုပ်ခြင်းမှာ ဧရာဝတီတိုင်းဒသကြီး၊ ပုသိမ်မြို့နယ် တဝိုက်ရှိ ကမ်းလွန်ရေပြင်မှာ ယခုအခါ နိုင်ငံခြားသားပိုင်တဲ့ AMoe Tug၊ AMoe Barge 7001, AMoe Barge 7002, Cathay Tug (၃)စီး၊ Cathay Barge 3, Cathay Barge 7, Cathay Barge 21 နဲ့ Dredger (၃)စီး စတဲ့ နိုင်ငံခြားသင်္ဘော(၁၂)စီးခန့်ဟာ နိုင်ငံခြားသားသင်္ဘောသားများ ပါဝင်ဆောင်ရွက်လျက် ရှိကြောင်း သိရပါတယ်။ အချို့သင်္ဘောတွေက လွန်ခဲ့သော နှစ်အတော်ကြာကတည်းက မြန်မာနိုင်ငံ ထဲသို့ ဝင်ရောက်တင်သွင်းပြီး မြန်မာမှတ်ပုံတင်နဲ့ တရားဝင်လုပ်ငန်းလိုင်စင် ရယူထားခြင်းမရှိဘဲ နိုင်ငံခြားအလံဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှာ သဲ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ဥပမာ-M.V Star Success and M.V Star Excellence စသည့်

သင်္ဘောတွေဟာ ဆိပ်ကမ်း အဝင်/အထွက် အခွန်အခနှင့် မီးပြတိုက်အခွန်များ ပေးဆောင်ထားခြင်း ရှိ/မရှိ မသိရပါဘူး။ နိုင်ငံတော်ဝင်ငွေ ဆုံးရှုံးမှုမရှိစေရန် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကိုလည်း သိရှိလိုပါတယ်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှာ နိုင်ငံခြားအလံလွှင့်ထူထားတဲ့သင်္ဘောများဖြင့် ဝင်ရောက်လုပ်ကိုင်နေသောကြောင့် မြန်မာနိုင်ငံသား သင်္ဘောသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများဆုံးရှုံးပြီး နိုင်ငံတော်သို့ ပေးဆောင်ရမယ့် အခွန်အခများ အပြည့်အဝပေးဆောင်ခဲ့ခြင်း ရှိ/မရှိကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


စင်ကာပူနိုင်ငံအတွက် သဲများတူးကာ သယ်ယူနေသည့်အတွက် မြန်မာလယ်သမားများ မြေယာများ ဆုံးရှုံး နစ်နာနေခြင်းကို Yahoo, Finance သတင်းမီဒီယာမှလည်း ဖော်ပြခဲ့ခြင်း ပြပုံ (၄)




မြန်မာ့ရေပိုင်နက်သို့ ဝင်ရောက်ကာ သဲထုတ်ယူနေသည့် မြင်ကွင်းပုံ (၄-၁)




ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်းမှ ညွှန်/ချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တိုင်ကြားစာနှင့် ဆိပ်ကမ်းအာဏာပိုင်၏ ကုမ္ပဏီနှင့် စာချုပ်မှတ်တမ်း ပြပုံ (၄-၂)


CONTRACT AGREEMENT

BETWEEN

MYANMA PORT AUTHORITY

AND

WITH RESPECT TO SUPPLY OF SAND AFTER DREDGING,

WITHIN PORT LIMIT AREAS AND IMPROVEMENT FOR

ACCESS CHANNELS OF THE PATHEIN PORT

6th, JANUARY, 2016

**ခန္တီးလေဆိပ် အဆောက်အအုံအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၅။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမင်းနိုင် ဖြစ်ပါတယ်။ ခန္တီးလေဆိပ် အဆောက်အအုံအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ခန္တီးလေဆိပ်ဟာ ၁၉၅၁ ခုနှစ်ကျော်တုန်းက ဆောက်လုပ်ပေးခဲ့တဲ့ အစောဆုံးသော လေယာဉ်ကွင်း အဆောက်အအုံဖြစ်သည်ဟု ထိုအချိန်ကာလတွင် အကောင်းဆုံး ဆောင်ရွက်ထားသည်ဟု သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ခန္တီးလေဆိပ်ဟာ နေ့တိုင်းပြေးဆွဲနေသော လေဆိပ်တစ်ခု ဖြစ်ပြီး နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားသားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ အသုံးပြု နေသောနေရာဖြစ်သောကြောင့် ခေတ်စနစ်နဲ့ လျော်ညီသော အဆောက်အအုံဖြစ်သင့်ကြောင်း တင်ပြလိုပါတယ်။

ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ခန္တီးလေဆိပ် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြည်သူလူထုတွေသွားရတဲ့ အဆောက်အအုံနဲ့ ပေ(၂၀၀)လောက် ကွာဝေးတဲ့ သန့်စင်ခန်းတွေဖြစ်ပါတယ်။ ဒါလည်း အမျိုးသားရဲ့ သန့်စင်ခန်းတွေ ဖြစ်ပါတယ်။ အထဲမှာ သီးသန့်ရှိပါသေးတယ်။ ဒါကတော့ အပြင်ကမြင်ရတဲ့ဟာ ဖြစ်ပါတယ်။ ဒါကတော့ VIP အခန်း ဖြစ်ပါတယ်။ အထဲမှာဆိုလို့ရှိရင်တော့ အဆင်မပြေမှုလေးတွေလည်း တွေ့ရပါတယ်။ ဒါကတော့ အတွင်းမှာ စစ်ဆေးပြီးတော့မှ ခရီးသည်တွေ ဝင်ရောက်ပြီးတော့မှ ဟိုအနောက်မှာ ဝိုင်းထားတဲ့ဟာ တွေကတော့ လုံခြုံမှုမရှိတဲ့ ကျား၊ မ သွားတဲ့ သန့်စင်ခန်းတွေဖြစ်ပါတယ်။ (၁၀)ပေ၊ (၅)ပေ လောက်ပဲ ကွာပါတယ်။ ဒါကတော့ အပြင်ဘက်ပါ။ ကျွန်တော်တို့ ပြည်သူတွေ မစစ်ဆေးခင်မှာ နေထိုင်တဲ့နေရာဖြစ်ပါတယ်။ ဒါလည်း ခုနက အတွင်းဘက်က သန့်စင်ခန်းတွေ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါ၍ ခန္တီးလေဆိပ်အား VIP နားနေခန်း၊ သန့်စင်ခန်းနဲ့ ပြည်သူနားနေခန်း၊ သန့်စင်ခန်းတို့ကို ခရီးသွားပြည်သူများ ကောင်းမွန်စွာ သွားလာနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီး

ဌာနမှ ခန္တီးလေဆိပ် အဆောက်အအုံအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ခန္တီးလေဆိပ်၏ မြင်ကွင်းပုံ (၃)




ခန္တီးလေဆိပ်မှ ကျား၊ မ သုံး သန့်စင်ခန်း၏ မြင်ကွင်းပုံ (၃-၁)




ခန္တီးလေဆိပ်မှ သန့်စင်ခန်းပြပုံ (၃-၂)



**အချိန်၊ ၁၀:၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၈။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရှေးဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်ရှိ စကုကျွန်းသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် သီးခြားတည်ရှိသော ကျွန်းတစ်ကျွန်း ဖြစ်သောကြောင့် တောင်ကုတ်-မာန်အောင် ခရီးစဉ် ပြေးဆွဲနေတဲ့အမြန်ယာဉ်များ စကုကျွန်းမှာ ဆိုက်ကပ်ပေးနိုင်ရေးအတွက် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စကုကျွန်းပတ်လမ်း (၈)မိုင် (၂)ဖာလုံကို ကျောက်ချောလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ ပထမမေးမြန်းချက် ဖြစ်တဲ့ တောင်ကုတ်-မာန်အောင် ခရီးစဉ်ပြေးဆွဲနေတဲ့ အမြန်ရေယာဉ်များ စကုကျွန်းမှာ ဆိုက်ကပ်နိုင်ရေးအတွက် ဆိပ်ခံတံတားတစ်ခု တည်ဆောက်ပေးရေးကိစ္စနှင့် ပတ်သက်၍ ဦးစွာ ဖြေကြားရမယ်ဆိုရင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနဲ့ ၎င်း၏ ရခိုင်ဌာနခွဲမှာ ခရီးလမ်းပြေးဆွဲလျက်ရှိတဲ့ ဂျပန်နိုင်ငံမှ ထောက်ပံ့လှူဒါန်းခဲ့တဲ့ ကစ္ဆပနဒီရေယာဉ်များဖြင့် တောင်ကုတ် - မာန်အောင်ခရီးလမ်းကို ၁၁ - ၄ - ၂၀၁၇ ရက်နေ့မှစ၍ တစ်ပတ်တစ်ခေါက် ပြေးဆွဲခဲ့ပေမယ့်လည်း ခရီးသည်လိုက်ပါမှု နည်းပါးခြင်း၊ ဝင်ငွေနှင့် အသုံးစရိတ် မျှတမှုမရှိဘဲ အရှုံးများခြင်းတို့ကြောင့် ၃-၈-၂၀၁၇ ရက်နေ့မှ စပြီးတော့ အဆိုပါ ခရီးလမ်းပြေးဆွဲမှုကို ရပ်နားထားခဲ့ရပါတယ်။ အဲဒီခရီးလမ်း ပြေးဆွဲစဉ်ကလည်း စကုကျွန်းမှာ ဌာနပိုင်ရေယာဉ်များ ဆိုက်ကပ်ရန်ဆိပ်ကမ်းမရှိခြင်း၊ ကစ္ဆပနဒီရေယာဉ်များရဲ့ အမြန်နှုန်းနဲ့ ရေစူး ကန့်သတ်ချက်များကြောင့် တောင်ကုတ်-မာန်အောင် ခရီးလမ်းမှာ စကုကျွန်း အပါအဝင် မည်သည့်ဆိပ်ကမ်းတွင်မှ ရပ်နားခြင်းမပြုဘဲ တိုက်ရိုက်ပြေးဆွဲခဲ့ရပါတယ်။ တောင်ကုတ်-မာန်အောင် ခရီးလမ်းကို ပြေးဆွဲလျက်ရှိတဲ့

ပုဂ္ဂလိက အမြန်ရေယာဉ်များဖြစ်တဲ့ မလိခ၊ ရွှေပြည်တန်နှင့် ရွှေလင်းယုန်ရေယာဉ်များသည် စကုကျွန်း သေမုတ်ဆိပ်ကမ်းသို့ အချိန်မရွေး ဆိုက်ကပ်နိုင်သဖြင့် နေ့စဉ် ရာသီမရွေး ပြေးဆွဲလျက်ရှိကြောင်း သိရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းဆိုရင်တော့ ဒီ သေမုတ် ဆိပ်ကမ်းမှာ ပုဂ္ဂလိကအမြန်ရေယာဉ်တွေ ဆိုက်ကပ်တဲ့နေရာမှာတော့ ရေကြောင်းခရီးသွားလာတဲ့ ခရီးသွား ပြည်သူတွေအတွက် အခက်အခဲရှိတာတော့ သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော် ခုနက တင်ပြသွားတဲ့ ဒီ ပြည်တွင်းရေကြောင်းက ပြေးဆွဲခဲ့တဲ့ မာန်အောင်-တောင်ကုတ် ခရီးလမ်းကို ပြထားတာဖြစ်ပါတယ်။ အဲဒီတော့ ခုနက ပြောသွားတဲ့ သူ့ရဲ့ အမြန်နှုန်းနဲ့ ရေစူးအရ ဒီသွားတဲ့ခရီးလမ်းမှာ ပင်လယ်ရေတက်ချိန် (၀၄:၀၀)နာရီ ကာလအတွင်း မာန်အောင်-တောင်ကုတ်ကို အမီ အချိန်ကိုက် ပြေးဆွဲရတာဖြစ်တဲ့အတွက် ကြားမှာ ဘယ်ဆိပ်ကမ်းကိုမှ ကပ်ခဲ့ခြင်းမရှိတာ ဖြစ်ပါတယ်။ အရင်တစ်ချိန်ကတော့ ပြည်တွင်းရေကြောင်းမှာရှိတဲ့ သင်္ဘောကြီးတွေက ဒီ ကျောက်နီမော် ဟုမ်းဝဆိပ်ကမ်းမှာ ဝင်ခဲ့ဖူးတာရှိပါတယ်။ ဒါပေမဲ့ အဲဒီခရီးစဉ်မှာ သင်္ဘောကြီးတွေက အိုဟောင်းပြီးတော့ တွက်ခြေမကိုက်တဲ့အတွက် ရပ်နားခဲ့ရပါတယ်။ အခုလက်ရှိ ကစ္ဆပနဒီရေယာဉ် တွေကတော့ အဲဒီကို ဝင်ရောက်နိုင်ခြင်းမရှိပါဘူး။ ရမ်းဗြဲမြို့နယ်ရှိ စကုကျွန်းဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ကျောက်ဖြူဆိပ်ကမ်း နယ်နိမိတ် Port Limit ပြင်ပမှာ တည်ရှိနေပါသဖြင့် စကုကျွန်းမှာ ဆိပ်ခံတံတားတစ်ခု တည်ဆောက် မည်ဆိုရင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ အဆိုပါ ဆိပ်ခံတံတား တည်ဆောက်မည်ဆိုပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အနေနဲ့ လိုအပ်တဲ့ ကျွမ်းကျင်မှု၊ နည်းပညာအကူအညီများ ပံ့ပိုးပေးသွားနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ စကုကျွန်းမှာ ဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ ဒုတိယမေးမြန်း ချက်ဖြစ်တဲ့ စကုကျွန်းပတ်လမ်းကို ကျောက်ချောလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက် ပေးရေးကိစ္စနှင့် ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လုပ်ငန်းနယ်ပယ်အတွင်း မရှိပါသဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်ကို တင်ပြခွင့်ပြုပါခင်ဗျား။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ ရမ်းဗြဲမြို့နယ်၊ စကုကျွန်းပတ်လမ်းမှာ Class (C) ဦးစားပေးအဆင့်(၁)ဖြစ်ပြီး ကျွန်းပတ်လမ်းအရှည် (၁၄)မိုင်အနက် ကျောက်ချောလမ်း(၁)မိုင်နဲ့ မြေသားလမ်း(၅)မိုင် ဖောက်လုပ်ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါလမ်းမှာ မြေသားလမ်း အရှည်(၂.၅)မိုင် x အကျယ်(၁၈)ပေ x (၂၄) လက်မ ထုဖောက်လုပ်ခြင်းနဲ့ ကျောက်ချောလမ်းအရှည်

(၂.၅)မိုင် x (၁၆)ပေ x (၆) လက်မထုခင်းခြင်းလုပ်ငန်းတွေအတွက် ရန်ပုံငွေကျပ်(၃၇၂.၂၅)သန်းနဲ့ အဲဒီလမ်းပေါ်မှာ ကွန်ကရစ်တံတား (၄၀ x ၁၆)ပေ (၁)စင်း၊ (၃၀ x ၁၆)ပေ (၁)စင်း၊ (၁၅ x ၁၆)ပေ (၂)စင်း၊ (၁၀ x ၁၆)ပေ (၃)စင်း စုစုပေါင်းတံတား (၇)စင်းနှင့် Box Culvert (၅x၁၈)ပေ (၁၀)ခု တည်ဆောက်ရန်လုပ်ငန်းတွေအတွက် ရန်ပုံငွေကျပ်(၄၀၁)သန်း၊ စုစုပေါင်းရန်ပုံငွေကျပ်သန်း(၇၇၃.၂၅)သန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ ဒုတိယဦးစားပေးအနေဖြင့် လျာထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ လမ်းနှင့်တံတားများ ဆောင်ရွက်ပြီးပါက ကျေးရွာ(၈)ရွာ၊ အိမ်ခြေ(၈၁၇)အိမ်၊ လူဦးရေ(၃၂၅၆)ဦးတို့ အကျိုးပြုမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်များနှင့် ပတ်သက်၍ စကုကျွန်းတွင် ဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် စကုကျွန်းပတ်လမ်း ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းရန်ပုံငွေကျပ် (၇၇၃.၂၅)သန်း လျာထားပြီး ဦးစားပေးအလိုက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ၏ မြန်မာနိုင်ငံပိုင်မဟုတ်သော နိုင်ငံခြားမှတ်ပုံတင်ထားတဲ့သင်္ဘောများ မြန်မာနိုင်ငံအတွင်းပိုင်း ရေလမ်းကြောင်းအတွင်းသို့ တရားမဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နေခြင်းကို နိုင်ငံတကာဆိုင်ရာ ဥပဒေများအရလည်းကောင်း၊ မြန်မာနိုင်ငံရဲ့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းအရလည်းကောင်း အမြန်ဆုံး အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကာကွယ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားနိုင်ရေးအတွက် အချိန်ပိုခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းအတွင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအတွက် မူဝါဒများ ချမှတ်၍ စနစ်တကျဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီးတော့ ၃-၃-၂၀၁၅ ရက်နေ့မှာ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေရဲ့ ပုဒ်မ ၂၂ မှာ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် လုပ်ကိုင်စေခြင်းမပြုရဟု ဖော်ပြပါရှိသဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း

ရေကြောင်းမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်မယ့် ရေယာဉ်အားလုံးဟာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရယူထားရမှာဖြစ်ပါတယ်။

အဆိုပါ ဥပဒေ ပုဒ်မ ၄ နှင့်အညီ ပြည်ထောင်စုအစိုးရရဲ့ သဘောတူညီမှုဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် ဦးဆောင်ပြီးတော့ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အဖွဲ့ဝင် (၉)ဦးဖြင့် ဖွဲ့စည်းပြီး တာဝန်ပေးအပ်ထားပါတယ်။ အဆိုပါ ဗဟိုကော်မတီအနေနဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၂၄(က) နှင့် ပုဒ်မ ၃၀(ခ)တို့အရ အပ်နှင်းထားတဲ့လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီးတော့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များ၊ စက်မဲ့တွဲများအတွက် လုပ်ငန်းလိုင်စင်ကြေး၊ အခြားအခကြေးငွေနှုန်းထားများနှင့် ဒဏ်ကြေးများသတ်မှတ်သည့် အမိန့်ကြော်ငြာစာ (၅၄/၂၀၁၇)ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်ဖြင့် ၁၃-၃-၂၀၁၇ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပြီးနောက် လက်တွေ့လုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်ချက်များ ထပ်မံဖြည့်စွက်ပြီး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ကို ၇-၂-၂၀၁၉ ရက်နေ့တွင်လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၉)ကို ၂၅-၁၁-၂၀၁၉ ရက်နေ့မှာလည်းကောင်း အသီးသီးထုတ်ပြန်ခဲ့ပါတယ်။

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉) ရဲ့ အပိုဒ်၂၊ အပိုဒ်ခွဲ(စ)က မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသည့်လုပ်ငန်းများတွင် အသုံးပြုမည့် နိုင်ငံခြားရေယာဉ်တစ်မျိုးမျိုးကို အထူးကိစ္စရပ်အနေဖြင့် အနည်းဆုံး (၃)လမှ အများဆုံး (၁)နှစ်အထိ သတ်မှတ်လုပ်ငန်းလိုင်စင်ကြေးများ ပေးသွင်းစေ၍ လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ကြောင်း ဖော်ပြပါရှိပါတယ်။ အလားတူ နိုင်ငံတကာသင်္ဘောများ ဝင်/ထွက်သွားလာတဲ့ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဝင်/ထွက်နိုင်ရေးနှင့် စည်းကမ်းတကျရှိစေရေးတို့အတွက် ၂၀၁၅ ခုနှစ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေနှင့် ၂၀၁၆ ခုနှစ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နည်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းပြီး စီမံခန့်ခွဲလျက်ရှိပါတယ်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ အခန်း(၇) ဆိပ်ကမ်းအာဏာပိုင်ရဲ့ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များရဲ့ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ဋ)တွင် ရေလမ်းကြောင်းများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်းဟူ၍လည်းကောင်း၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဓ)မှာ ပုဂ္ဂလိကတွဲဆွဲရေယာဉ်များ၊ တွန်းရေယာဉ်များ၊ သောင်တူးရေယာဉ်များနှင့် ဆယ်ယူရေးရေယာဉ်များကို လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းဟူ၍လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဆိုင်ရာ နည်းဥပဒေများရဲ့ နည်းဥပဒေ ၃၆ မှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဟာ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေယာဉ်များ

ရေကြောင်းကြပ်တည်းမှုမရှိစေရေးနှင့် စနစ်တကျသွားလာနိုင်ရေးအတွက် ဆိပ်ကမ်းအတွင်း သွားလာခွင့်ပြုမိန့်ကို စိစစ်၍ ထုတ်ပေးရမည်ဟူ၍လည်းကောင်း အသီးသီး ပြဋ္ဌာန်းထားပါတယ်။

မြန်မာ့ကမ်းရိုးတန်းဒေသများနှင့် ပြည်တွင်းရေကြောင်းလမ်းများမှာ မြန်မာနိုင်ငံမှတ်ပုံတင်မဟုတ်တဲ့ ပြည်ပနိုင်ငံမှ သင်္ဘောများ လုပ်ငန်းဆောင်ရွက်ခွင့်၊ ဝင်/ထွက်သွားလာခွင့်တို့နှင့် ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့က အထက်ပါအတိုင်း ဥပဒေ၊ နည်းဥပဒေများအရ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ စီမံဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ကမ်းရိုးတန်းဒေသများဖြစ်တဲ့ မြိတ်နှင့်ထားဝယ်ဒေသရှိ ပင်လယ်ပြင်တို့တွင် ပင်လယ်သဲများကို ထုတ်ယူ၍ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခဲ့သော်လည်း ယခင်အစိုးရလက်ထက် ၂၈-၈-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၁၄) အစည်းအဝေးက ပုဂ္ဂလိကနှင့် ဖက်စပ်စီးပွားရေးလုပ်ငန်းများအနေဖြင့် ပင်လယ်နှင့် မြစ်ကြောင်းများအတွင်း စီးပွားဖြစ် သဲတူးဖော်တင်ပို့မှုကို ခွင့်မပြုရန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ ဆိပ်ကမ်းရေလမ်းကြောင်းများ ကောင်းမွန်စေရေးအတွက် သောင်တူးဖော်ရာမှာ နိုင်ငံတော်၏ ဘဏ္ဍာငွေကို ခြိုးခြံချွေတာနိုင်ရန်အတွက် ပုဂ္ဂလိက ဖက်စပ်စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အဆိုပါအဖွဲ့အစည်းများရဲ့ သောင်တူးဖော်မှုမှရရှိတဲ့ သဲများကို ပြည်ပသို့တင်ပို့ရန်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားမှုကို ခွင့်ပြုရန် သဘောတူဆုံးဖြတ်ခဲ့ပါတယ်။

တင်ပြပါ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်နှင့်အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ မော်လမြိုင်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်းကို Starhigh Asia Pacific Pte Ltd ကုမ္ပဏီနှင့်လည်းကောင်း၊ ပုသိမ်ဆိပ်ကမ်းအဝင်ရေလမ်းကြောင်းကို Delta Gold Pte Ltd ကုမ္ပဏီနှင့်လည်းကောင်း စာချုပ်များ ချုပ်ဆို၍ သောင်တူးဖော်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ မော်လမြိုင်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သံလွင်မြစ်အတွင်း ချောင်းဆုံမြို့နယ်နှင့် မုဒုံမြို့နယ်တို့မှာ သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ထွက်ရှိလာတဲ့ သဲများကို ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Starhigh ကုမ္ပဏီတို့အကြား စာချုပ် ချုပ်ဆို၍ လုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ ချုပ်ဆိုထားတဲ့ စာချုပ်အရ မြစ်ကြောင်းထိန်းသိမ်းခြင်းအခွန်အခများအပြင် သဲထုတ်လုပ်ခွင့်ပြုထားသည့်ပမာဏ (၁.၅)သန်း ကုဗမီတာအတွက် (၁)ကုဗမီတာလျှင် တစ်ဒေါ်လာနှုန်းဖြင့် သဲထုတ်လုပ်မှုအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ (၁.၅)သန်းကို လုပ်ငန်းဆောင်ရွက်တဲ့ကာလတစ်လျှောက် ထုတ်လုပ်မှုပမာဏအတိုင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ကုမ္ပဏီက ပေးသွင်းခဲ့ပါတယ်။ ၎င်းအပြင် ဓာတ်သတ္တု အခွန်အခများကိုလည်း သတ္တုတွင်းဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးသွင်းခဲ့ပါတယ်။

Starhigh ကုမ္ပဏီနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက ၇ - ၅ - ၂၀၂၀ ရက်နေ့မှာ ကုန်ဆုံးခဲ့သဖြင့် လုပ်ငန်းပိတ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။ Starhigh ကုမ္ပဏီလုပ်ငန်းဆောင်ရွက်စဉ်က လုပ်ငန်းသုံး နိုင်ငံခြားအလံတင် ရေယာဉ်များကို မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုဥပဒေနှင့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)နှင့်အညီ ယာယီလုပ်ငန်းလိုင်စင်ရယူ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ မွန်ပြည်နယ်အတွင်းရှိ ရေလမ်းများမှာ နိုင်ငံခြားမှတ်ပုံတင်ထားတဲ့သင်္ဘောများ တရားမဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခြင်းမရှိပါကြောင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်မှုများရှိပါက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဆိပ်ကမ်းအဝင် ရေလမ်းကြောင်း ကောင်းမွန်စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စင်ကာပူနိုင်ငံအခြေစိုက် Delta Gold ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စာချုပ်သက်တမ်း တစ်နှစ်ခန့် ကျန်ရှိနေသည့်အတွက် ငဝန်မြစ်အတွင်းသောင်တူးဖော်ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ Delta Gold ကုမ္ပဏီ၏လုပ်ငန်းခွင်မှာ နိုင်ငံခြားမှတ်ပုံတင် Sand Carrier သင်္ဘော(၃)စီး၊ သောင်တူးရေယာဉ်(Dredger) (၁)စီး စုစုပေါင်း (၄)စီး၊ မြန်မာနိုင်ငံမှတ်ပုံတင်ထားတဲ့ Sand Carrier သဲတင်ယာဉ် ရေယာဉ်(၆)စီး၊ သောင်တူးရေယာဉ် (၂)စီး စုစုပေါင်း(၈)စီး၊ အားလုံးစုစုပေါင်း ရေယာဉ်(၁၂)စီးကို အသုံးပြုပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီရေယာဉ် (၁၂)စီးအနက် နိုင်ငံခြားမှတ်ပုံတင်ရေယာဉ် (၄)စီးမှာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လုပ်ငန်းလိုင်စင်များ လျှောက်ထားရယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ မေးခွန်းတွေမှာဆိုရင်တော့ မြန်မာနိုင်ငံသားပိုင် သဲတင်ရေယာဉ်တွေက သူတို့ဆောင်ရွက်တဲ့ လုပ်ငန်းဆောင်ရွက်ခ အကြွေးတွေ မရတဲ့အချက်လည်း တင်ပြသွားပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီးတော့ ဒီ Delta Gold ကုမ္ပဏီအနေနဲ့ကတော့ သူတို့က သဲတင်ရေယာဉ်တွေနဲ့ တိုက်ရိုက်တစ်ဦးချင်းစီ စာချုပ် ချုပ်တာ မဟုတ်ဘဲနဲ့ သူတို့က ကြားခံကုမ္ပဏီ တစ်ခုကတစ်ဆင့် စာချုပ် ချုပ်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ကြောင်း၊ အဲဒီ ကြားခံကုမ္ပဏီကို ပိုက်ဆံပေးထားသော်လည်း ကြားခံကုမ္ပဏီကနေ သဲတင်ယာဉ်ပိုင်ရှင်တွေကို ပိုက်ဆံမပေးတဲ့ ပြဿနာဖြစ်ပေါ်ခဲ့ကြောင်း၊ ဒါလည်း Delta Gold ကုမ္ပဏီက သတင်းစာထဲမှာ ပြန်လည်ရှင်းလင်းပြီး သူတို့ အဲဒီကိစ္စကိုတော့ ရှင်းလင်းပြီးဖြစ်ကြောင်း သိရှိရပါတယ်။ Delta Gold ကုမ္ပဏီအနေနဲ့ ငဝန်မြစ်အတွင်း သောင်တူးခြင်းလုပ်ငန်းနဲ့ သဲတင်ပို့ရောင်းချခြင်းလုပ်ငန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးတဲ့ ပို့ကုန်လိုင်စင်များနှင့် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (၆)လပိုင်းအထိ ဆိပ်ကမ်း

အခွန်အခ စုစုပေါင်းအမေရိကန်ဒေါ်လာ (၃.၃၈)သိန်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းနှင့် သဲထုတ်ယူခြင်း အခွန်အခများ စုစုပေါင်း ကျပ်(၅၉၁.၁၄)သန်း ကောက်ခံရရှိခဲ့ပါကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါတယ်။

မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသတစ်ခုဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်း နယ်နိမိတ်များအတွင်း တရားမဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နေတဲ့ နိုင်ငံခြားသင်္ဘောများ မရှိပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြား ထားပါတယ်။ အလားတူပဲ ရခိုင်ကမ်းရိုးတန်းများမှာလည်း နိုင်ငံခြားမှတ်ပုံတင် သဲသင်္ဘောများ ဝင်ရောက်၍ သဲထုတ်ယူတင်ပို့ခြင်းလုပ်ကိုင်ခြင်းများ မရှိသေးပါကြောင်း၊ အကယ်၍ နိုင်ငံခြား မှတ်ပုံတင် သဲသင်္ဘောများ ရခိုင်ကမ်းရိုးတန်းသို့ ဝင်ရောက်မှုရှိပါက ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အနေနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါတယ်။

တပ်မတော်(ရေ)ဟာဆိုရင် မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက် နယ်မြေ လုံခြုံရေးနှင့်ပင်လယ်ပြင်စိုးမိုးရေးကိစ္စရပ်များကို စစ်ရေယာဉ်များနှင့် စောင့်ကြပ်လျက်ရှိပြီး တရား မဝင်ရေယာဉ် စုစုပေါင်း (၁၁၁၈)စီးကို ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဌာနများကို လွှဲပြောင်းထားပြီးဖြစ်ကြောင်း နိုင်ငံခြားမှတ်ပုံတင် ရေယာဉ်များအနေနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရဲ့ ဆိပ်ကမ်းနယ်နိမိတ်အတွင်း တရားဝင်ဆောင်ရွက်နေတဲ့ သောင်တူး ရေယာဉ်များသာရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေးအတွက် သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းဟာ စီးပွားရေးဆန်တဲ့လုပ်ငန်း မဟုတ်ဘဲ ရေတိမ်ကွက်များ ဖြစ်ပေါ်နေတဲ့ သတ်မှတ်ရေလမ်းကြောင်းအတွင်းသာ တူးဖော်ရှင်းလင်းရခြင်း၊ အကျိုးအမြတ် ရရှိရေးကို ဦးတည်ဆောင်ရွက်မှုမျိုး မဟုတ်ခြင်း၊ သဘာဝညီမျှခြေ မပျက်စီးအောင် ထိန်းသိမ်းတူးဖော် ရခြင်း၊ ရေလမ်းကြောင်းအတွင်း ပုံမှန်ဝင်/ထွက်သွားလာနေတဲ့ ရေယာဉ်ခရီးစဉ်များကို ထိခိုက်မှု မရှိအောင်ဆောင်ရွက်ရခြင်း၊ တူးဖော်ရှင်းလင်းရမည့်နေရာရှိ ဈေးကွက်မဝင်သည့် ရွံ့၊ နုန်းများကိုပါ တူးဖော်ရှင်းလင်းရခြင်း၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေထုညစ်ညမ်းမှုမရှိအောင် ဆောင်ရွက်ရခြင်း၊ ရာသီဥတုနှင့် ရေတက်/ရေကျကို ချင့်ချိန်ပြီးတော့ ဆောင်ရွက်ရခြင်း စတဲ့အချက်များကြောင့် အသုံးပြုတဲ့သောင်တူးရေယာဉ်နှင့် သဲသယ်ရေယာဉ်များဟာလည်း စံချိန်စံညွှန်းနှင့်ပြည့်မီတဲ့ ရေယာဉ် များဖြစ်ရန် လိုအပ်ပါသဖြင့် စက်နှင့် ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းသုံးရေယာဉ်များကို သက်ဆိုင်ရာ ကုမ္ပဏီ၏ အစီအစဉ်ဖြင့် ကုမ္ပဏီနှင့်ချုပ်ဆိုသည့် စာချုပ်တွေမှာ ထည့်သွင်း သတ်မှတ်ထားပါတယ်။ သက်ဆိုင်ရာ ကုမ္ပဏီများအနေနဲ့ လုပ်ငန်းအတွက် ပြည်တွင်းမှ အရည်အသွေးပြည့်မီတဲ့ရေယာဉ်များ

ရရှိနိုင်ပါက ငှားရမ်းအသုံးပြုနိုင်သကဲ့သို့ လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားရေယာဉ်များကိုလည်း ငှားရမ်းအသုံးပြု ရသည့်အခြေအနေများ ရှိပါတယ်။

သို့ဖြစ်ပါ၍ မော်လမြိုင်ဆိပ်ကမ်းနယ်နိမိတ်(သံလွင်မြစ်)အတွင်း သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ပုသိမ်ဆိပ်ကမ်းနယ်နိမိတ်(ငဝန်မြစ်)အတွင်း သောင်တူးဖော်ရာတွင် အသုံးပြုသော နိုင်ငံခြားအလံတင် ရေယာဉ်များဟာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်တို့နှင့်အညီ တရားဝင် လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဆိပ်ကမ်းနယ်နိမိတ်အတွင်းမှာ သဲတူး၊ သဲတင်လုပ်ငန်းဆောင်ရွက်ပြီး ဆိပ်ကမ်းနယ်နိမိတ် ပြင်ပသို့ဖြစ်စေ၊ ဆိပ်ကမ်းတစ်ခုမှ အခြားဆိပ်ကမ်းတစ်ခုသို့ဖြစ်စေ ကုန်၊ ပစ္စည်း၊ ခရီးသည်များကို တရားမဝင် သယ်ယူပို့ဆောင်ခြင်း မရှိပါကြောင်း၊ နိုင်ငံတော်သို့ သတ်မှတ် အခွန်အခများပေးဆောင်လျက်ရှိပါကြောင်းနှင့် အကယ်၍ တရားမဝင်ရေလမ်းကြောင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများလုပ်ကိုင်ခြင်း ရှိလာမည်ဆိုပါက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ၏ ခန္တီးလေဆိပ်အဆောက်အအုံကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။

ခန္တီးလေဆိပ်ရဲ့ လက်ရှိအဆောက်အအုံဟာ(၁၀၀ x ၅၀) ပေ အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး အရေးကြီးပုဂ္ဂိုလ်နားနေခန်း၊ ဆိုက်ရောက်ခရီးသည်နားနေခန်း၊ ထွက်ခွာ ခရီးသည်နားနေခန်းနဲ့ ပင်မခန်းမတို့ဖြင့် ဖွဲ့စည်းထားပါတယ်။ ခန္တီးလေဆိပ်ကို လက်ရှိ မြန်မာအမျိုးသားလေကြောင်းဟာ နေ့စဉ်တစ်ကြိမ်နဲ့ Air KBZ လေကြောင်းလိုင်း၊ Air သံလွင်လေကြောင်းလိုင်းတို့ဟာ ခရီးသည်ရရှိမှုအပေါ်မူတည်၍ ပြေးဆွဲလျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ လေယာဉ်ဆင်းသက်အသုံးပြုမှုနဲ့ ခရီးသည် ဝင်/ထွက် အသုံးပြုမှုအခြေအနေဟာ တင်ပြထားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ လက်ရှိ လေဆိပ်အဆောက်အအုံဟာ တစ်နာရီမှာ ခရီးသည် (၁၄၀)ဦး တပြိုင်နက် ဝင်/ထွက် အသုံးပြုနိုင်သဖြင့် လက်ရှိ လေယာဉ်ဆင်းသက်မှုအကြိမ်ရေနဲ့ ဝင်/ထွက်တဲ့ ခရီးသည်ဦးရေအရ လက်ရှိလေဆိပ်အဆောက်အအုံ အသုံးပြုရန် လုံလောက်မှုရှိပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနရဲ့စီမံခန့်ခွဲမှုအောက်ရှိ ပြည်တွင်းလေဆိပ် (၆၈)ခုအနက် ပုံမှန်လေယာဉ်ခရီးစဉ်များ ပြေးဆွဲပျံသန်းလျက်ရှိတဲ့ လေဆိပ်(၂၉)ခုရဲ့ လေယာဉ်ပြေးလမ်းများရဲ့ လေယာဉ်ရပ်နားရာနေရာတို့တွင် ဆင်းသက်အသုံးပြုသည့် လေယာဉ်အမျိုးအစားနဲ့ အကြိမ်အရေအတွက်တို့အပေါ် မူတည်၍ ခံနိုင်ရည်အား မြှင့်တင်ပေးခြင်း၊ တိုးချဲ့ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ခရီးသည် ဝင်/ထွက်အသုံးပြုမှု တိုးတက်များပြားလာသည့်အပေါ် မူတည်၍ အဆောက်အအုံများကို အကြီးစားပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ရာမှာ နိုင်ငံတော်မှ ခွဲဝေရရှိတဲ့ ရန်ပုံငွေအပေါ်မူတည်၍ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ရေးနှင့် ခရီးသည်များ လုံခြုံချောမွေ့စွာ ဝင်/ထွက်အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ရပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းရန်ပုံငွေကျပ် (၃၈၂၀.၅၁)သန်း ကျခံသုံးစွဲ၍ ခန္တီးလေဆိပ်ရဲ့ (၄၂၀၀ x ၁၀၀)ပေ လေယာဉ်ပြေးလမ်းကို စုစုပေါင်း လေယာဉ်ပြေးလမ်း ပေ(၆၀၀၀)ရရှိရန်အတွက် တောင်ဘက်သို့ ပေ(၁၇၀၀)နဲ့ မြောက်ဘက်သို့ ပေ(၁၀၀) တိုးချဲ့ခြင်းနဲ့ လေယာဉ်ရပ်နားနေရာ (၂၀၀)ပေပတ်လည်နဲ့ လေယာဉ်ရပ်နားနေရာသို့ အဝင်လမ်း (၁၅၀ x ၁၀၀)ပေ၊ ပြေးလမ်းမြောက်ဘက် အရှိန်သတ်စွန်း (၇၅ x ၁၀၀)ပေတို့ကို ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းများကို အသီးသီး ဆောက်လုပ်ရေးလုပ်ငန်း အပ်နှံဆောင်ရွက်ခဲ့ပါတယ်။ ခန္တီးလေယာဉ်ပြေးလမ်း တောင်ဘက်ထိပ်မှာ ထမံသီ ရေအားလျှပ်စစ်စီမံကိန်း တည်ရှိနေမှုကြောင့် လေယာဉ်ပြေးလမ်းအခြေအား ရေတိုက်စားမှုမှကာကွယ်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းရန်ပုံငွေကျပ် (၄၁၉.၀၈၈)သန်း ကျခံသုံးစွဲ၍ မြေထိန်းတမံ အလျားပေ (၃၆၇၀) တည်ဆောက်ခြင်းလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် ခန္တီးလေဆိပ် လုံခြုံရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၃၄.၄၆)သန်း ကျခံသုံးစွဲ၍ စုစုပေါင်းခြံစည်းရိုး အလျားပေ (၁၄၃၀၀)ရှိတဲ့အနက် ပေ(၅၀၀၀)ကို အမြင့်(၆)ပေရှိ (၅)ပေပတ်လည် သံကူကွန်ကရစ်တိုင်များဖြင့် သွပ်ဆူးကြိုး သွယ်တန်းကာရံလုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ခန္တီးလေဆိပ်ရဲ့ လေဆိပ်အဆောက်အအုံ အသေးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ နဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ စုစုပေါင်းရန်ပုံငွေကျပ်(၆.၂၅)သန်း သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်း လေဆိပ်အဆောက်အအုံအတွက် လိုအပ်တဲ့ အသေးစားပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေ ကျပ်(၃.၁၅)သန်း လျာထားခွင့်ပြုပြီးဖြစ်ပါသဖြင့် ဘဏ္ဍာရေးနှစ်မကုန်မီ လုပ်ငန်းများ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကျန်ရှိတဲ့ လေဆိပ်ခြံစည်းရိုး

ပေ(၉၃၀၀)ကို (၅)လက်မပတ်လည် အမြင့်(၅)ပေ သံကူကွန်ကရစ်တိုင်များ (၈)ပေခြား စိုက်ထူ၍ ချိန်းလင့်နဲ့ (၉)လက်မအထူ အုတ်စီဖောင်ဒေးရှင်းဖြင့် ကာရံခြင်းလုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေကျပ် (၁၅၈)သန်း လျာထား၍ တင်ပြတောင်းခံထားခြင်းသာပါရှိပါတယ်။ ခန္တီးလေဆိပ်ရဲ့ လက်ရှိလေဆိပ် အဆောက်အအုံဟာ အဝင်အထွက်အသုံးပြုလျက်ရှိတဲ့ ခရီးသည်ဦးရေအတွက် လုံလောက်မှုရှိနေသေး သဖြင့် လေဆိပ်အဆောက်အအုံအသစ် တည်ဆောက်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားမှုမရှိပါကြောင်းနဲ့ လက်ရှိမှာ လေဆိပ်အဆောက်အအုံ အသေးစားမွမ်းမံမှုများ ဆောင်ရွက်နေဆဲကာလဖြစ်သဖြင့် လိုအပ်ပါက ပျက်စီးမှုဖြစ်ပေါ်နေသောနေရာများကို ထပ်မံစစ်ဆေး၍ လိုအပ်သည့် အသေးစား မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း လေဆိပ်အဆောက်အအုံ သန့်စင်ခန်းနေရာ ပြုပြင်ရန် သာမန်ပြုပြင်အသုံးစရိတ်ထဲမှ သုံးစွဲဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၁။**

**ဗိုလ်မှူးချုပ်တင့်လွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းတဲ့ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၁၅၆

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၅ - ၅ - ၂၀၂၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေါက်တာ ခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့က ၁-၆-၂၀၂၀ ရက်နေ့တွင် အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉-၇-၂၀၂၀ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင် ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိ ရပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များနှင့် ညီညွတ်မှုရှိစေရန်အတွက် အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၃၊ အပိုဒ်ခွဲ(ဇ) ကို အပိုဒ်ခွဲ(ဆ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ခွင့်ပြုငွေဆိုသည်မှာ နှစ်စဉ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ နှစ်စဉ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေပါ သက်ဆိုင်ရာဇယားတို့တွင် ဖော်ပြပါရှိသည့် သုံးငွေ အရပ်ရပ်ကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ်ခွဲ(ည)တွင် ဖော်ပြထားသော ငှင်းပိုင်ဆိုင်သော သိုလှောင် ပစ္စည်းများ ဆိုသည့်စကားရပ်ကို ငှင်းပိုင်ဆိုင်သော သက်ရှိသက်မဲ့တို့ အပါအဝင်

ဖြစ်သည့် သိုလှောင်ပစ္စည်းများ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ခေတ်ကာလနှင့်လျော်ညီမှုရှိစေရန်အတွက် အပိုဒ်ခွဲ(ငင)တွင် ဖော်ပြထားသော ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး၊ စသည်တို့အပြင် ဆိုသည့်စကားရပ်ကို ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး၊ ကပ်ရောဂါဘေး စသည်တို့အပြင် ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

(ခ) ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၇၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော ဝယ်ယူသည့်ပမာဏနှင့် လျော်ညီစွာ ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ကို ဝယ်ယူသည့်ပမာဏနှင့် လျော်ညီစွာ အချိန်မီဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၁ တွင် ဖော်ပြထားသော နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ ဆိုသည့်စကားရပ်ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ နှစ်စဉ် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၄ တွင် ဖော်ပြထားသော စာချုပ်အကောင်အထည်ဖော်ရန် လိုအပ်သည့်ပစ္စည်းနှင့် ဝန်ထမ်းများကို ဖြည့်ဆည်းပေးရမည် ဆိုသည့် စကားရပ်ကို စာချုပ်အကောင်အထည်ဖော်ရန် လိုအပ်သည့် ပစ္စည်းနှင့် ဝန်ထမ်းများကို အချိန်မီဖြည့်ဆည်းပေးရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၆ တွင် ဖော်ပြထားသော အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ညှိနှိုင်းဆွေးနွေးခြင်း ဆိုသည့် စကားရပ်ကို အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဆောလျင်စွာ ညှိနှိုင်းဆွေးနွေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၆၊ အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော စကားရပ်များအစား တင်ဒါတင်သွင်းသူများအကြား သို့မဟုတ် တင်ဒါတင်သွင်းသူနှင့် ဝယ်ယူသည့် ဌာန၊ အဖွဲ့အစည်းတို့အကြား ပူးပေါင်း၍ အချင်းချင်းညှိနှိုင်းဆောင်ရွက်ထားသော သက်သေခံ အထောက်အထားတွေ့ရှိရခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၄၈ တွင် ဖော်ပြထားသော တင်ဒါတင်သွင်းသူထံ ချက်ချင်းအကြောင်းကြားရမည် ဆိုသည့် စကားရပ်ကို တင်ဒါတင်သွင်းသူထံ အကြောင်းရင်းကို ဖော်ပြ၍ ချက်ချင်းအကြောင်းကြားရမည် ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလပြင်ဆင်ထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၇။**

**ဒေါက်တာမြတ်ညွှာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ပထမဦးဆုံးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁:၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁(က)၊ အပိုဒ် ၂၊ အပိုဒ် ၃(ဂ)(ဃ)(စ)(ဆ)(ဈ)မှ(သ)အထိ (အ)(ကက)(ခခ)(ဂဂ)(ဃဃ)(ငင)၊ အပိုဒ် ၄ (က)(ခ)(ဃ)(င)တို့ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ်၁(က)၊ အပိုဒ် ၂၊ အပိုဒ် ၃(ဂ)(ဃ)(စ)(ဆ)(ဈ) မှ (သ) အထိ (အ)(ကက)(ခခ)(ဂဂ)(ဃဃ)(ငင)၊ အပိုဒ် ၄(က)(ခ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၅၊ အပိုဒ် ၆(က)မှ (ဆ)အထိ၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(ဂ)(ဃ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆ (က)မှ (ဆ)အထိ၊ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(ဂ)(ဃ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(ဃ)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၂၁(က)(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(ဃ)၊ အပိုဒ် ၁၆ ခြေဆင်း၊ အပိုဒ် ၁၆(က)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၂၁ (က)(ခ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(က)(ဂ)၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆(ခ)၊

အပိုဒ် ၂၇၊ အပိုဒ်၂၈၊ အပိုဒ် ၂၉၊ အပိုဒ်၃၀၊ အပိုဒ်၃၁၊ အပိုဒ် ၃၂ တို့မှာပါရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(က)(၀)၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၆ (ခ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ ခြေဆင်း၊ အပိုဒ် ၃၈ (ခ)(၀)၊ အပိုဒ် ၃၉ ခြေဆင်း၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ ခြေဆင်း၊ အပိုဒ် ၄၂ (က)၊ အပိုဒ် ၄၂ (ခ) ခြေဆင်း၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄ တို့မှာပါရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ ခေါင်းစဉ်၊ အပိုဒ် ၃၈(ခ)(ဂ)၊ အပိုဒ် ၃၉ ခေါင်းစဉ်၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂ ခေါင်းစဉ်၊ အပိုဒ် ၄၂(က)၊ အပိုဒ် ၄၂(ခ) ခေါင်းစဉ်၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ခေါင်းစဉ်၊ အပိုဒ် ၄၆(ဃ)(စ)၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉ ခေါင်းစဉ်၊ အပိုဒ် ၄၉ (က)(ခ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၅၀ တို့မှာပါရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၅၊ အပိုဒ် ၄၆ ခေါင်းစဉ်၊ အပိုဒ် ၄၆(ဃ)(စ)၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉ ခေါင်းစဉ်၊ အပိုဒ် ၄၉ (က)(ခ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၅၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းရဲ့ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇ ရဲ့ ခေါင်းစဉ်၊ အပိုဒ် ၅၇ (ခ)(ဂ)၊ အပိုဒ် ၅၈၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂ ရဲ့ ခေါင်းစဉ်၊ အပိုဒ် ၆၂ (ခ)(ဂ) တို့မှာပါရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည် ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇ ခြေဆင်း၊ အပိုဒ် ၅၇(ခ)(ဂ)၊ အပိုဒ် ၅၈၊ အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂ ခြေဆင်း၊ အပိုဒ် ၆၂ (ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၆၃ (က)(ဂ)(ဃ)၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁(ခ) တို့မှာပါရှိတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၃ (က)(ဂ)(ဃ)၊ အပိုဒ် ၆၅၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀၊ အပိုဒ် ၇၁(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပြုပြင်ဆင်ချက်များမှာ ပါရှိတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃(ဆ)၊ အပိုဒ် ၂၁(ဃ)၊ အပိုဒ် ၃၄၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၆၃ ကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်က ပယ်ဖျက် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပယ်ဖျက်ချက်ကို သဘောတူလျှင်တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ အမျိုးသားလွှတ်တော်ကြီးမှာ ဆုံးဖြတ်အတည်ပြုလိုက်တဲ့ ပြင်ဆင်ချက်များမှအပဖြစ်တဲ့ ကျန်ရှိသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အဆိုပြုပြင္ဒာန်းချက် အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုပြု တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၇၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၇၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၂၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၁။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး

များခင်ဗျား။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေး နိုင်ပါရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ကိုယ်စား အဆိုတင်သွင်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နဲ့ စီးပွားရေးအရ တွက်ချေကိုက်မှုရှိသည့် ထိရောက်အကျိုးရှိတဲ့ ဝယ်ယူခြင်းဖြစ်စေရန် အစိုးရရဲ့ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုများ စံချိန်မီဖြစ်စေရန် အစိုးရရဲ့ ဝယ်ယူခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် အရည်အချင်းနှင့် အရည်အသွေးပြည့်မီတဲ့ တင်ဒါတင်သွင်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် ယှဉ်ပြိုင်မှုများ တိုးတက်ဖြစ်ပေါ်စေရန် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုနဲ့ တာဝန်ခံမှုတို့ကို မြှင့်တင်ပေးရန်နှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန် ရည်ရွယ် ချက်များဖြင့် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်သို့ ၂၅-၅-၂၀၂၀ ရက်နေ့က တင်သွင်းခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အဆို တင်သွင်းခဲ့ရာ ဆဋ္ဌမနေ့မှာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးအကြံပြုခဲ့ပါတယ်။ အဆိုပါ ဆွေးနွေးအကြံပြုချက်အပေါ် ၉-၇-၂၀၂၀ ရက်နေ့တွင် အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာ ဌာနများအား ဖိတ်ကြား၍ ဆွေးနွေးခဲ့ကြပြီး ပြင်ဆင်သင့်သည့်အချက်များကို ပြင်ဆင်ပြီးဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးမှာလည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ထပ်မံပြင်ဆင်ချက်များ အပါအဝင် ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခဲ့ပြီး ဥပဒေကြမ်းရဲ့ တစ်ပိုဒ်ချင်းစီအလိုက်လည်း ဆွေးနွေးအတည်ပြု ဆုံးဖြတ်ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၂၃။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို အဆိုတင်သွင်းခြင်းနှင့် ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇော်ဟိန်း မှ ထောက်ခံပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၂၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန်ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ (ခ)အရ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၂၅။**

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းတဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ညာဏစိုး က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၁၈၅

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် လ ၂၂ ရက်

၁။ ဒီပြင်ဆင်တဲ့ ဥပဒေကြမ်းကို တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း ကနေပြီးတော့ ၂၁-၇-၂၀၂၀ ရက်နေ့မှာ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ဖို့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)နှင့်အညီ လွှတ်တော်ကို တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုတင်သွင်းခဲ့တာကိုလည်း လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူညီခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ၂၂-၇-၂၀၂၀ ရက်နေ့မှာတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဒီဥပဒေကြမ်းအပေါ် ကြားနာညှိနှိုင်းတဲ့ အစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်။ နိုင်ငံတကာမှာလည်း စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးကို သက်ဆိုင်ရာဥပဒေတွေနဲ့အညီ ကျင့်သုံးဆောင်ရွက်လျက် ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၃၁၉ တို့အရ မြန်မာနိုင်ငံမှာလည်း စစ်ဘက်ဆိုင်ရာ တရားရုံးများကို ဖွဲ့စည်းပြီးတော့ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒီပြင်ဆင်တဲ့ ဥပဒေကို လေ့လာတဲ့အခါမှာတော့ –

(က) စစ်ဆေးစီရင်ခြင်းဆိုင်ရာ ကာလစည်းကမ်းသတ်ကို ပြင်ဆင်ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဒီပြင်ဆင်ချက်ကတော့ အဓိကကတော့ ပြစ်မှုကြီးများကို ကျူးလွန်ခဲ့တဲ့ တပ်မတော်သားများအား အရေးယူခြင်းမှ ကင်းလွတ်ခွင့်မရှိ စေရန် ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်ဟာဆိုရင် နိုင်ငံတကာတပ်မတော် ဆိုင်ရာဥပဒေများနှင့် လိုက်လျောညီထွေမှုလည်း ရှိပါတယ်။ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုအတွက် အကျိုးဖြစ်ထွန်းစေနိုင်တဲ့ အတွက် ဥပဒေပြုလွှတ်တော်များမှ ကြိုဆိုရမည့် ဥပဒေကြမ်းတစ်ရပ်ဖြစ်ကြောင်း ကိုလည်း လေ့လာတွေ့ရှိရပါတယ်။

(ခ) လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အနေဖြင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ချက်များမှအပ ဥပဒေကြမ်းကော်မတီ အနေနဲ့ သီးခြားပြင်ဆင်ရန်အတွက် အကြံပြုတင်ပြဖို့ မရှိပါဘူးခင်ဗျား။ ဥပဒေ ရေးထုံးဆိုင်ရာ ပြင်ဆင်ချက်များကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စစ်ဥပဒေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်း ပြီးတော့ ပြင်ဆင်ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အပြည့်အစုံကိုတော့ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြထားပါတယ်။ ဥပဒေတစ်ရပ်ဟာ ပြောင်းလဲလာတဲ့ ခေတ် စနစ်နှင့် ညီညွတ်မှုရှိစေရန်၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုရှိစေရန်၊ လက်တွေ့ လိုက်နာကျင့်သုံး ဆောင်ရွက်ရာမှာ ထိရောက်မှုရှိစေရန် ပြင်ဆင်သင့်တဲ့အချိန်မှာ ပြင်ဆင်ဖို့ လိုအပ်ပါတယ်။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ၁၉၆၀ ပြည့်နှစ်၊ ၁၉၆၁ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်များမှာလည်း (၅)ကြိမ် ပြင်ဆင်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ နိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့ အလားသဏ္ဍာန်တူတဲ့ အိန္ဒိယကြည်းတပ် အက်ဥပဒေ ပြဋ္ဌာန်းချက်မှာလည်း မူလပြဋ္ဌာန်းချက် ဒါ Power Point မှာ တင်ပြ ထားပါတယ်။ Section 122 မှာ မြန်မာလိုလည်း ကျွန်တော်တို့ ပြန်ဆိုပြီးတော့

တင်ပြထားပါတယ်။ ဒါကိုလည်း အိန္ဒိယနိုင်ငံက ပြင်ဆင်ခဲ့ပြီး ဖြစ်ပါတယ်။ Section 122 ကိုPower Point မှာ တင်ပြခဲ့တဲ့အတိုင်း ပြင်ဆင်ပြီးဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ယနေ့ လွှတ်တော်ကို တင်သွင်းလာတဲ့ ဥပဒေနဲ့ အလားသဏ္ဌာန် တူတဲ့ ပြင်ဆင်ချက်ဖြစ်ကြောင်းကို တင်ပြအပ်ပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏သဘောထားမှတ်ချက်ကို တင်ပြပါမယ်။ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေနဲ့ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁:၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၈ – ၇ – ၂၀၂၀ ရက်နေ့ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁ : ၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]